# National Strategy for Infant and Young Child Feeding in Myanmar(2011/2012–2015/2016) Review Workshop တွင် ညွှန်ကြားရေးမှူးချုပ် မြွက်ကြားမည့် အဖွင့်အမှာစကား (မူကြမ်း)

## မင်္ဂလာသီရိဟိုတယ်၊ နေပြည်တော်

## (၂၇-၈-၂၀၁၉)ရက်၊ အင်္ဂါနေ့

ယနေ့ကျင်းပပြုလုပ်တဲ့ National Strategy for Infant and Young Child Feeding in Myanmar (2011/2012–2015/2016) Review Workshop ကို တက်ရောက်လာကြတဲ့ ဆေးတက္ကသိုလ်အသီးသီးမှ ကလေးကျန်းမာပညာဌာန နှင့် သားဖွားမီးယပ်ပညာဌာနတို့မှ ပါမောက္ခ/ဌာနမှူးများ၊ နေပြည်တော်မှ ပါမောက္ခကလေးအထူးကုဆရာဝန်ကြီးနှင့် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေး

လူ့စွမ်းအား အရင်းအမြစ် ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေကြသော မိတ်ဖက်အဖွဲ့အစည်း များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ အာဟာရ ဖွံ့ဖြိုးရေးနဲ့ သုတေသန ဌာနခွဲဟာ ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုး တိုးတက်ဖို့အတွက် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းနဲ့ ဖြည့်စွက်စာစနစ်တကျကျွေးမွေးခြင်းကို မြှင့်တင်ပေးဖို့၊ အကာအကွယ်ပေးဖို့အတွက် UNICEF နဲ့ပူးပေါင်းပြီး

National Strategy for Infant and Young Child Feeding (2011/2012–2015–2016)ကို ရေးဆွဲခဲ့ပြီး နည်းဗျူဟာတွေ ချမှတ် အကောင်အထည်ဖော်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အနေနဲ့ (၂၀၁၀)ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ Multiple Indicator Cluster Surveyအရ ငါးနှစ်အောက်ကလေး သေဆုံးမှုမှာ အရှင်မွေး(၁၀၀၀)လျှင် (၄၆)ယောက်ရှိခဲ့ပြီး အသက် (၁)နှစ် အောက်ကလေး သေဆုံးမှုမှာ အရှင်မွေး (၁၀၀၀)လျှင် (၃၇)ယောက် ရှိခဲ့ပါတယ်။ ဒီလို ငါးနှစ်အောက် ကလေး သေဆုံးမှုနှုန်းတွေကို လျှော့ချဖို့အတွက် ကြိုးပမ်းရာမှာ ကာကွယ်ဆေးထိုးခြင်း၊ ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်ခြင်း အစရှိတဲ့ ဆောင်ရွက်ချက်တွေအပြင် မွေးစမှ ကလေး အသက်(၆)လအထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းကို မြှင့်တင်ပေးခြင်းနှင့် ကလေးအသက်(၆)လမှစ၍ ဖြည့်စွက် စာကို မိခင်နို့နှင့်အတူ စနစ်တကျ ကျွေးမွေးပြုစုစေခြင်း

ဟာလည်း ငါးနှစ်အောက် ကလေးသေဆုံးမှုကို လျှော့ကျစေပါတယ်။ ဒါ့အပြင် ဒီ Multiple Indicator cluster survey အရပဲ ကလေးအသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးနှုန်းဟာ (၂၀၁၀)ခုနှစ်မှာ (၂၃.၆)%ရှိခဲ့ပြီး အသက် (၁)နှစ်အောက် ကလေးသူငယ်တွေရဲ့ (၄၁)%ပဲ လုံလောက်စွာ အစာကျွေးမွေးခြင်းကို ခံခဲ့ရပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ သွေးအားနည်းခြင်းကို ခံစားနေရတဲ့ ငါးနှစ်အောက်ကလေးပေါင်းဟာ Myanmar Demographic and Health Survey (2015–2016)အရ (၅၈)% ခန့်ရှိပြီး Myanmar Micronutrient and Food Consumption Survey Interim Report(2017–2018)အရ (၃၅.၅)%ခန့် ရှိနေပါတယ်။ ဒီရလဒ်တွေအရ သွေးအားနည်းမှု ရာခိုင်နှုန်း လျော့နည်းလာတာ တွေ့ရပေမယ့် ဆက်လက်လျှော့ချဖို့ ကြိုးစားဆောင်ရွက်ကြရအုံးမှာ ဖြစ်ပါ

တယ်။ အခုလို သံဓာတ်ချို့တဲ့ခြင်းကြောင့် သွေးအားနည်းနေတဲ့ ကလေးတွေဟာ အခြားအဏုအာဟာရဓာတ်များလည်း ချို့တဲ့နေတတ်ပါတယ်။ ဒါဟာဖြည့်စွက်စာ ကို စနစ်တကျ ကျွေးမွေးတဲ့အလေ့အထတွေ မြှင့်တင်ပေးဖို့ လိုအပ်နေတယ်ဆိုတာ ပြသနေတာ ဖြစ်ပါတယ်။

Myanmar Demographic and Health Survey (2015–2016) အရ အသက်(၆)လမှ (၂)နှစ်အောက် အတွင်းကလေးများရဲ့ (၁၆)% ကသာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားတဲ့ အသက်အရွယ်အလိုက်ကျွေးသင့်သောအစားအစာ(Minimum Acceptable Diet)ကို ရရှိလျက်ရှိပါတယ်။ ဒေါ့အပြင် အသက်(၆)လအထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးနှုန်းဟာ (၅၁)%အထိ တိုးတက်လာခဲ့သော်လည်း ကလေးအသက် (၆)လမတိုင်မီ ရေတိုက်သည့်ရာခိုင်နှုန်းနဲ့ အချိန်မတိုင်မီ ဖြည့်စွက်စာကျွေးတဲ့ ရာခိုင်နှုန်း

ဟာ (၁၉)% နဲ့ (၂၁)% အသီးသီးရှိနေပါတယ်။ ဒ့ါအပြင် မလိုအပ်ပဲ မိခင်နို့ အစားထိုးနို့မှုန့်များ တိုက်ကျွေးသော ရာခိုင်နှုန်းများ တိုးတက်လာပြီး ၎င်းတို့ကြောင့် ဝမ်းရောဂါဖြစ်ပွားမှုများ ပိုမိုဖြစ်ပွားနိုင်ပြီး အာဟာရချို့တဲ့နိုင်ကြောင်း တွေ့ရပါတယ်။ ဒါကြောင့် နို့စို့ကလေးနဲ့ ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေး ကွက်တင်ခြင်းဆိုင်ရာအမိန့်ကို (၂၀၁၄)ခုနှစ်၊ ဇူလိုင်လမှာ ထုတ်ပြန်ခဲ့ပြီး အဆိုပါ အန္တရာယ်များကို ကာကွယ်နေတာပဲဖြစ်ပါတယ်။

ငါးနှစ်အောက်ကလေးတွေရဲ့ အာဟာရအခြေအနေနဲ့ ပတ်သက်ပြီး Myanmar Micronutrient and Food Consumption Survey Interim Report(2017–2018)အရ ပုညှက်တဲ့ကလေး ရာခိုင်နှုန်းဟာ (၂၆.၇)%၊ ပိန်လှီတဲ့ကလေး ရာခိုင်နှုန်းက (၆.၇)% ရှိပြီး ခန္ဓာကိုယ်အလေးချိန်

လျော့နည်းနေတဲ့ကလေး ရာခိုင်နှုန်းဟာ (၁၉.၁)% ရှိနေပါတယ်။ ဒ့ါကြောင့် ကလေးတွေရဲ့ အာဟာရ အခြေအနေ တိုးတက်လာစေဖို့၊ အဏုအာဟာရ ချို့တဲ့မှု တွေကို လျော့ချဖို့ အတွက် ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ (ဥပမာ– အသက်(၂)နှစ်အောက် ကလေးသူငယ် အစာ ကျွေးမွေးခြင်း နှစ်သိမ့်ဆွေးနွေးသင်တန်းဆောင်ရွက်ခြင်း၊ မိခင်နို့စနစ်တကျတိုက်ကျွေးသည့် ဆေးရုံများ ထူထောင် ခြင်း၊ နို့စို့ကလေးနဲ့ ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ် ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်း ဆိုင်ရာ အမိန့်ကို ထုတ်ပြန်ကြေငြာခြင်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း) အစရှိတဲ့လုပ်ငန်းတွေကို ပြန်လည် သုံးသပ်ပြီး ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မဲ့ နည်းဗျူဟာတွေ ချမှတ်နိုင်ဖို့လိုပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အာဟာရအခြေအနေဖွံ့ဖြိုးတိုးတက်ဖို့ဟာ နိုင်ငံရဲ့စားနပ်ရိက္ခာအခြေအနေ၊ ကျန်းမာရေး အဆင့်အတန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုစတဲ့ အကြောင်းအချက်များစွာပေါ်မှာ မူတည်နေပါတယ်။ ဒါကြောင့် ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာန တစ်ခုတည်းတင်မကပဲ ဆက်စပ်ဝန်ကြီးဌာနများရဲ့အားကို ရယူပြီး အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီနေ့ အလုပ်ရုံဆွေးနွေးပွဲမှာလည်း National Strategy for Infant and Young Child Feeding in Myanmar(2011/2012–2015/2016) အရ ချမှတ်ထားတဲ့ နည်းဗျူဟာတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများရဲ့ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး ပိုမိုထိရောက် အောင်မြင်

အောင် ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ချမှတ်နိုင်ဖို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြဖို့ တိုက်တွန်းလိုပါတယ်။

ဆွေးနွေးချက်ရလဒ်များကို အခြေခံပြီး ငါးနှစ်အောက် ကလေးငယ်များရဲ့ အာဟာရ အခြေအနေ ပိုမိုတိုးတက် ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးစားပေးကြပါလို့ ပြောကြား ရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။